Myanmar Peace Monitor

# Weekly News Review

Issue 92, February 8 - 14 , 2023

# နိုင်မြင်းလောင်းမည့် အိမ်နီးချင်းများ



# နိုင်မြင်းလောင်းမည့် အိမ်နီးချင်းများ

## နိဒါန်း

မြောက်ဘက်တွင် တရုတ်၊ အရှေ့ဘက်တွင် လာအို၊ အရှေ့တောင်ဘက်တွင် ထိုင်း၊ အနောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နှင့် အနောက်မြောက်ဘက်တွင် အိန္ဒိယတို့သည် မြန်မာနိုင်ငံနှင့် နယ်မြေချင်းကပ်လျက် တည်ရှိကြသည်။ လွတ်လပ်ရေးရပြီးခေတ် မြန်မာနိုင်ငံကို တပ်မတော်အမည်ခံ စစ်အုပ်စုကသာ နှစ်ပေါင်း ၆၀ နီးပါး အုပ်ချုပ်ခဲ့သည့်အတွက် ဆိုခဲ့ပါအိမ်နီးချင်းနိုင်ငံများသည် မြန်မာပြည်သူလူထုထက်ပင် တပ်မတော်အမည်ခံ စစ်အုပ်စုနှင့်သာ ပိုမိုအလွမ်းသင့်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ သယံဇာတပေါကြွယ်ဝသော မြန်မာနိုင်ငံမှ ၎င်းတို့၏ အကျိုးစီးပွားကိုသာ တွက်ချက်ဖွေရှာပြီး တပ်မတော်အမည်ခံ စစ်အုပ်စုနှင့် အိမ်နီးချင်းအစိုးရများအကြား ဆက်ဆံရေးသည် ခိုင်မာအားကောင်းနေခဲ့သည်မှာ အချိန်ကာလအားဖြင့် ကြာမြင့်ခဲ့ပြီဖြစ်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ စစ်အာဏာသိမ်းကာလအတွင်းတွင်မူ မြန်မာပြည်သူလူတရပ်လုံး၏ အာဏာသိမ်းစစ်အုပ်စုအပေါ် ဆန့်ကျင်ဆန္ဒဖော်ထုတ်မှုများ၊ ခုခံတော်လှန်ရေးလုပ်ရှားမှုများနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ ဖိအားပေး ဖယ်ကြဉ်မှုများအကြားတွင် စစ်အုပ်စုနှင့် အလွမ်းသင့်သော အိမ်နီးချင်းအစိုးရများအတွက်

ခဲခက်ကြပ်တည်းစွာ ပြုမူဆောင်ရွက်နေကြရသည်ကို တွေ့ရပါသည်။ အာဏာသိမ်းစစ်အုပ်စုလက်မှ ရုန်းထွက်နိုင်ရေးကြိုးပမ်းလျက်ရှိသော မြန်မာပြည်သူလူထုဘက်မှ ရဲတင်းပြတ်သားစွာ ရပ်တည်နိုင်ခြင်းမရှိသကဲ့သို့ အာဏာသိမ်းစစ်အုပ်စုဘက်တွင်လည်း လုံးဝအုတ်သုံ ရပ်တည်နေခြင်းမျိုးလည်း မလုပ်ဆောင်နိုင်သည်ကို တွေ့ရပါသည်။ သို့သော် မြန်မာပြည်သူလူထု၏ နွေဦးတော်လှန်ရေးအတွက်မူ အာဏာသိမ်းစစ်အုပ်စုနှင့် ပတ်သက်သော အိမ်နီးချင်းအစိုးရများ၏ ရပ်တည်ချက်သည် မေးခွန်းပေါင်းများစွာ ဖြစ်တည်လျက်ရှိပေသည်။

ယခုတစ်ပတ် BNI - Myanmar Peace Monitor ၏ အပတ်စဉ်သတင်းသုံးသပ်ချက်တွင် တရုတ်၊ ထိုင်း၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်စသော အိမ်နီးချင်းနိုင်ငံများ၏ မြန်မာ့အရေးအတွင်း ချဉ်းကပ်ဆောင်ရွက်ချက်များကို လက်လှမ်းမီသမျှ လေ့လာတင်ပြသွားပါမည်။



## တရုတ်၏ ပြုမူဆောင်ရွက်ချက်များ

မြန်မာနိုင်ငံအတွင်း စစ်အာဏာမသိမ်းခင် ရက်သတ္တပတ် သုံးပတ်အလိုတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီး (ယခုအာဏာသိမ်းစစ်ခေါင်းဆောင်) ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် နေပြည်တော်တွင် တွေ့ဆုံခဲ့သည်။ စစ်အာဏာသိမ်းမှုစတင်ပြီး ရက်ပိုင်းမျှအကြာတွင်တော့ မြန်မာနိုင်ငံအတွင်း စစ်အာဏာသိမ်းမှုကို တရုတ်အစိုးရက ထောက်ခံကြောင်းနှင့် တိတ်တဆိတ် သဘောတူညီမှုများ ရှိခဲ့သည်ဆိုသည့် ဝေဖန်သုံးသပ်ချက်များကို တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရသူ ဝမ်ဝင်ဘင်းက တရားဝင်ငြင်းဆိုခဲ့ရပါသည်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်တွင် ပြုလုပ်သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ တံခါးပိတ်အစည်းအဝေးတွင်တော့ အာဏာသိမ်းစစ်အုပ်စုအား အရေးယူပိတ်ဆို့ရေးအဆိုကို တရုတ်အစိုးရကိုယ်စားလှယ်က ကန့်ကွက်ခဲ့ရပါသည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် ရှည်လျားသည့် နယ်နိမိတ်ချင်း ထိစပ်မှုရှိခြင်း၊ မြန်မာနိုင်ငံအတွင်း ဖြစ်တည်လာသော အစိုးရများအပေါ် ဩဇာညောင်းခြင်းနှင့် မြန်မာနိုင်ငံအတွင်း ၎င်းတို့၏ အမျိုးသား အကျိုးစီးပွားများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ များစွာရှိနေသည့်အတွက် မြန်မာနိုင်ငံအတွင်း ဖြစ်တည်လာသော ငြိမ်းချမ်းရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် တရုတ်လူမျိုးများအရေး စသော အရေးအရာများစွာအတွက် ပတ်သက်ဆက်စပ်နေရမည် ကတော့ ငြင်း၍ မရပေ။

၂၀၂၂ ခုနှစ် ဇူလိုင် ၃ ရက်၊ မန္တလေးတိုင်း ပုဂံမြို့တွင် မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး ပရက်ဆာခွန်းနှင့် တွေ့ဆုံစဉ်အတွင်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် ပြည်လည်စတင်ပြီး တိုင်းပြည်အာဏာကို ပြည်သူလူထုထံ ပြန်လည်အပ်နှင်းရေးအတွက် မျှော်မှန်းချက်များ အကောင်အထည်ဖော်ဖို့ တရုတ်နိုင်ငံတော်ကောင်စီဝင်လည်းဖြစ်သူ နိုင်ငံခြားရေးဝန်ကြီးဝမ်ယိက ပြောဆိုခဲ့ပါသည်။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင်တော့

"တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအသစ်များနှင့် တရုတ် - မြန်မာပူးပေါင်းဆောင်ရွက်ရေး"ခေါင်းစဉ်ဖြင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပိုမိုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တစ်ခုကို ရန်ကုန်မြို့ရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) တွင် ပြုလုပ်ခဲ့ပြီး တရုတ်ကုမ္ပဏီများ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံကြဖို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက ဆော်သြခဲ့ပါသည်။

"မြန်မာအရပ်သားများကို ဗုံးကြဲတိုက်ခိုက်ရန် တရုတ်က စစ်အာဏာရှင်ကို တိုက်လေယာဉ်များထောက်ပံ့နေ" ဟူသော ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ်ကို မဇ္ဈိမသတင်းဌာနက ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ဖော်ပြခဲ့သည်။ အာဏာသိမ်းစစ်ကောင်စီတပ်သည် တရုတ်နိုင်ငံမှ FTC-2000G တိုက်လေယာဉ်အများအပြားကို မှာယူထားကြောင်း၊ ၂၀၂၂ ခုနှစ် ဖွန်လတွင် ပထမအသုတ်အဖြစ် Mountain Eagles အမည်ရ တိုက်လေယာဉ် (၆)စီးကို ပို့ဆောင်ပေးခဲ့ကြောင်း ဆောင်းပါးက ဆိုထားပါသည်။ မိမိတို့ BNI-Myanmar Peace Monitor ၏ မှတ်တမ်းများအရ စစ်အာဏာသိမ်းကာလအတွင်း စစ်ကောင်စီတပ်၏ လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှုများသည် ပိုမိုအ ရှိန်မြင့်လာသည်ကိုတွေ့ရပြီး ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်အထိ လေကြောင်းတိုက်ခိုက်မှုရက်ပေါင်း ၂၇၀ အထိ ရှိလာခဲ့ပြီဖြစ်သည်။ (လေကြောင်းတိုက်ခိုက်မှု တစ်ရက်လျှင် အကြိမ်ရေအားဖြင့် အနည်းဆုံး နှစ်ကြိမ်မှ သုံးကြိမ်အထက် ရှိနိုင်သည့်အတွက် လေကြောင်းတိုက်ခိုက်မှုအကြိမ်ပေါင်း ၅၀၀ ခန့်အထိ ရှိနိုင်ပါသည်။)



## ထိုင်းအစိုးရနှင့် စစ်အုပ်စုအကြား ဆက်ဆံရေး

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၉ ရက်က ထိုင်းနိုင်ငံ အနောက်မြောက်ပိုင်း ကန်ချနပူရီခရိုင်ထဲတွင် ကလေး၊ လူကြီးနှင့် လမ်းပြတစ်ဦးအပါအဝင် မြန်မာနိုင်ငံသား ၉၄ ဦးကို ထိုင်းအာဏာပိုင်များက ဖမ်းဆီးခဲ့သည်။ ထောင်းဖာဖူးမြို့နယ်၊ ထာ့ခနွန်အုပ်စု၊ ဘန့်အူလောင်းကျေးရွာအနီး တောအုပ်ထဲတွင် ပုန်းအောင်းနေကြခြင်းဖြစ်ပြီး ဖမ်းဆီးခံရသူများထဲတွင် အမျိုးသား ၆၃ ဦး၊ အမျိုးသမီး ၂၄ ဦး၊ ကလေး ၆ ဦး စုစုပေါင်း ၉၃ ဦးနှင့် လမ်းပြအမျိုးသား ၁ ဦးတို့ ပါဝင်ကြောင်း DVB သတင်းဌာနက ဆိုပါသည်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်ကလည်း လယောင်ခရိုင်၊ ပလွှက်ဒန်င်မြို့နယ်အတွင်းရှိ စက်ရုံသုံးရုံတွင် အလုပ်လုပ်ကိုင်နေကြသော အထောက်အထား စာရွက်စာတမ်း မှန်ကန်မှုမရှိသည့် မြန်မာနိုင်ငံသား ၃၀ ဦးကို ထိုင်းအာဏာပိုင်များ ဖမ်းဆီးခဲ့ပါသည်။

မြန်မာနိုင်ငံ စစ်အာဏာသိမ်းကာလအတွင်း အထွေထွေစီးပွားရေးကြပ်တည်းမှု၊ မလုံခြုံမှု၊ အသက်အန္တရာယ် ခြိမ်းခြောက်ခံရမှုများအပြင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်တွင်းစစ်ဘောင် ကျယ်ပြန့်လာသည့်အတွက် မြန်မာနိုင်ငံအတွင်းရှိ သန်းနှင့်ချီသော တိုင်းရင်းသားပြည်သူများသည် နိုင်ငံတွင်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထွက်ပြေးကြရသူများရှိသလို အိမ်နီးချင်းနိုင်ငံများအတွင်းထိပါ ထွက်ပြေးတိမ်းရှောင်ခြင်း၊ စီးပွားရေးကြပ်တည်းမှုများမှ ထွက်ပေါက်ရှာခြင်း စသည့် အကြောင်းအမျိုးမျိုး

ဖြင့် နေ့ရပ်စွန့်ခွာခဲ့ကြရပါသည်။ ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံနှင့် ရှည်လျားသော နယ်မြေထိစပ်မှုရှိသည့်အလျောက် မြန်မာနိုင်ငံသားများအတွက် အားကိုး အားထားရာ ရွှေ့ပြောင်းနိုင်ငံတစ်ခုဟုလည်း ဆိုနိုင်ပါသည်။

သို့သော် ထိုင်းနိုင်ငံအတွင်း အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသော မြန်မာနိုင်ငံသားများအတွက်မူ လုံလောက်သည့် လုံခြုံမှုနှင့် အကာအကွယ်ပေးမှုများ ရရှိနေသလားဆိုသည်က မေးခွန်းထုတ်ဖွယ်ဖြစ်နေပါသည်။ သိန်းနှင့်ချီသော မြန်မာနိုင်ငံမှ ထွက်ပြေးလာသူများ ခိုလှုံရာယာယီဒုက္ခသည်စခန်းများအတွင်း သွားရောက်လေ့လာကြည့်ရှုခွင့်ရရှိရန် အကြိမ်ကြိမ်တောင်းဆိုခဲ့သည့်တိုင် ထိုင်းအစိုးရမှ အမြဲတမ်းငြင်းပယ်ခဲ့ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာအေဂျင်စီ (UNHCR)၏ ထိုင်းနိုင်ငံ ကိုယ်စားလှယ်မစ္စတာ ဂျူးဇက်ပေဒီဗင်ဆန်တိစ်က ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်တွင် ပြောပါသည်။

ထိုင်းအစိုးရသည် အာဆီယံအဝန်းအဝိုင်းမှ ဖယ်ကြဉ်ဖိအားပေးခံနေရသော မြန်မာအာဏာသိမ်းစစ်အုပ်စုအား ဖိတ်ခေါ်ကာ "မြန်မာနိုင်ငံကအခြေအနေနှင့် ပတ်သက်၍ လွတ်လပ်သောအကြံပေးအတိုင်ပင်ခံအစည်းအဝေး" ခေါင်းစဉ်ဖြင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် အာဆီယံမှ စိတ်ဝင်စားသော အဖွဲ့ဝင်နိုင်ငံများအား ဖိတ်ခေါ်ကာ ဘန်ကောက်မြို့တွင် ကျင်းပခဲ့သည်။ အာဏာသိမ်းစစ်ကောင်စီ၏ နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဒေါက်တာကံဇော်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဦးကိုကိုလှိုင်တို့ပါဝင်သော ဆိုခဲ့ပါ အလွတ်သဘောတွေ့ဆုံမှုတွင် ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်အချို့သာ တက်ရောက်ခဲ့သည်ကို တွေ့ရသည်။

၂၀၂၂ ခုနှစ် ဇွန်လ ၂၉ ရက်တွင် ထိုင်းတော်ဝင်တပ်မတော် ဒုဗိုလ်ချုပ်ကြီး အပီချတ်ဆူဆက်နှင့် အာဏာသိမ်းစစ်ခေါင်းဆောင်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ နေပြည်တော်တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။ ဒုဗိုလ်ချုပ်ကြီး ဆူဆက်သည် ထိုင်းမြောက်ပိုင်း အမှတ် ၃ တပ်မတော်၏ အကြီးအကဲဖြစ်ပြီး၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင်၂ ရက်ကြာ ကျင်းပသည့် ၃၄ ကြိမ်မြောက် မြန်မာ-ထိုင်းဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးတက်ရန် ရောက်လာခဲ့ခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၉ ရက်၊ ရှစ်ကြိမ်မြောက် ထိုင်း - မြန်မာ နှစ်နိုင်ငံ စစ်ဘက်အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီကမ်းခြေတွင် ပြုလုပ်ခဲ့ပြီး အစည်းအဝေးတက်ရောက်လာသည့် ထိုင်းစစ်ဦးစီးချုပ် ဗိုလ်ချုပ် Chalermpol Srisawat ကို အာဏာသိမ်းစစ်ခေါင်းဆောင်က တွေ့ဆုံခဲ့သည်။

ထိုင်းအစိုးရနှင့် စစ်ဖက်ဆိုင်ရာအကြီးအကဲများသည် အာဏာသိမ်းစစ်ခေါင်းဆောင်နှင့် မကြာခနဆိုသလို ထိတွေ့ဆက်ဆံမှုများကို လုပ်ဆောင်ပြသလျက်ရှိပြီး ထိုင်း-မြန်မာနယ်စပ်တစ်လျောက် အာဏာသိမ်းစစ်ကောင်စီတပ်၏ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများ ထိုင်းနိုင်ငံအတွင်း ကျရောက်ခဲ့သည့်တိုင် နှုတ်ဆိတ်နေလေ့ရှိသည်ကို တွေ့ရပါသည်။



## အိမ်နီးချင်း လာအို

ထိုင်းအစိုးရမှ ဖိတ်ခေါ်ကျင်းပသော ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်၊ ဘန်ကောက် ဆွေးနွေးပွဲသို့ လာအိုနိုင်ငံခြားရေးဝန်ကြီး မစ္စတာဆလုံးဆေးကိုမာဆစ် တက်ရောက်ခဲ့သည်။ ၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်း ပုဂံမြို့တွင် ကျင်းပသော တရုတ်-မြန်မာပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် (၇) ကြိမ်မြောက် လန်ချန်း - မဲခေါင် ပူးပေါင်းဆောင်ရွက်မှုအစည်းအဝေး (LMC)ကို ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်တို့နှင့်အတူ တက်ရောက်ခဲ့သေးသည်။

တရုတ်အစိုးရ၏ ဩဇာညောင်းသော လာအိုအစိုးရသည် မြန်မာနိုင်ငံအတွင်း စစ်အာဏာသိမ်းမှုနှင့်ပတ်သက်ပြီး တရုတ်အစိုးရနည်းတူ မြန်မာအာဏာသိမ်းစစ်အုပ်စုနှင့် ရေလိုက်ငါးလိုက် ပူးပေါင်းဆောင်ရွက်မှုများ ရှိနေသည်ဟု မှတ်ယူနိုင်ပါသည်။ ထိုင်း - မြန်မာ - လာအိုသုံးနိုင်ငံ၏ နယ်နမိတ်များ ထိစပ်ရာ ရွှေတြိဂံဒေသအတွင်း မူးယစ်ဆေးဝါးပြဿနာ၊ လူကုန်ကူးမှုပြဿနာနှင့် ရွှေ့ပြောင်းလုပ်သားဆိုင်ရာကိစ္စရပ်များတွင် အာဏာသိမ်း စစ်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်က စတင်သည့် (၄)ရက်ကြာ မဲခေါင်းမြစ်ကြောင်းတစ်လျှောက် ပူးတွဲကင်းလှည့်မှုတွင် တရုတ်၊ ထိုင်း၊ မြန်မာနှင့်အတူ ပူးပေါင်းပါဝင်ခဲ့သည်ကို တွေ့ရသည်။ လာအိုအစိုးရသည် စစ်အာဏာသိမ်း ရန် ကြိုးပမ်းခံနေရသော မြန်မာပြည်သူလူထုအတွက်မူ စာနာထောက်ထားကြောင်း နှစ်သိမ့်စကားတစ်ခွန်းမျှပင် ပြောဆိုခဲ့ခြင်း မရှိကြောင်း သတိပြုမိပါသည်။



## ဘင်္ဂလားဒေ့ရှ်၏ ဦးစားပေး

၂၀၁၇ ခုနှစ်၊ ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသ မောင်းတောခရိုင်အတွင်း စစ်ကောင်စီတပ်၏ နယ်မြေရှင်းလင်းမှု ကြောင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရသော ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းရှိ  သိန်းနှင့်ချီသည့် ဒုက္ခသည်များအား နေရပ်ပြန်ပို့နိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် အာဏာသိမ်းစစ်ကောင်စီအကြား ထိတွေ့ဆက်ဆံမှုများ မကြာခနပြုလုပ်လျက်ရှိသည်ကို တွေ့ရသည်။ ထို့အပြင် ဆိုခဲ့ပါဒေသအတွင်း တိုက်ပွဲဖြစ်စဉ်များကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ထွက်ပြေးတိမ်းရှောင်နေကြရသော စစ်ဘေးရှောင်ဒုက္ခသည်အသစ်များလည်း ထွက်ပေါ်လာနေဆဲ ဖြစ်သည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၈ရက်၊ မြန်မာ- ဘင်္ဂလားဒေ့ရှ်နယ်စပ် ဇီးရိုးလိုင်းပေါ်တွင် အာရကန်ရိုဟင်ဂျာ ကယ်တင်ရေးတပ်မတော် (ARSA) နှင့် ရိုဟင်ဂျာ သွေးစည်းညီညွတ်ရေးအဖွဲ့ (RSO) တို့ တိုက်ပွဲဖြစ်ပွားမှုအတွင်း နှစ်နိုင်ငံ နယ်စပ်မျဉ်းပေါ်ရှိ ဒုက္ခသည်စခန်းတခုလုံးမှာလည်း မီးရှို့ခံရကာ၊ စခန်းရှိ ထောင်နှင့်ချီသော ဒုက္ခသည်များ ဘေးလွတ်ရာသို့ ထွက်ပြေးနေရကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကူတုပါလောင်ဒုက္ခသည်စခန်းမှ မွတ်စလင်ရှာ သားများက ရောဝတီသတင်းဌာနကို ပြောပါသည်။

၂၀၂၂ ခုနှစ် ဩဂုတ် ၂၆ ရက်ညနေပိုင်းစပြီး မောင်တောမြောက်ပိုင်းက ခမောင်းဆိပ်ဗျူဟာကုန်းတွင် စစ်ကောင်စီတပ်နှင့် ရက္ခိုင့်တပ်တော်(AA)တို့ တိုက်ပွဲပြင်းထန်နေစဉ် စစ်ကောင်စီတပ်က လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ထိုစဉ် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပိုင်နက်နယ်မြေအတွင်း စစ်ကောင်စီတပ်၏ မော်တာကျည်နှစ်လုံး ကျရောက်ခဲ့သည့်အတွက် ဖြေရှင်းချက်ပေးရန် စစ်ကောင်စီလက်အောက်ခံ မြန်မာသံအမတ်ကို ဆင့်ခေါ်ထားကြောင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာနက ဆင့်ခေါ်ခဲ့သည်။ ပြင်းပြင်းထန်ထန်ကန့်ကွက်ကြောင်း သံတမန်နည်းလမ်းအတိုင်း စာပေးပို့အသိပေးခဲ့ကြောင်းနှင့် နောက်ထပ် ယခုကဲ့သို့ဖြစ်ရပ်မျိုး ထပ်မဖြစ်စေဖို့ သတိပေးခဲ့သည်ဟု ဆိုပါသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရသည် မြန်မာနိုင်ငံ စစ်အာဏာသိမ်းကာလအတွင်း အကြမ်းဖက်မှုများ၊ လူ့အခွင့်အရေးချိုး ဖောက်မှုများကို ကန့်ကွက်ရှုတ်ချနေခဲ့သည့်တိုင် ၎င်းတို့နိုင်ငံတွင်း အခြေအနေနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ထိန်းကြောင်းကိုင်တွယ်ရင်း မြန်မာအာဏာသိမ်းစစ်အုပ်စုနှင့် ထိတွေ့ဆက်ဆံမှုများ ရှိနေသည်ဟု ဆိုရပါမည်။



## အိန္ဒိယ သို့မဟုတ် စစ်အာဏာရှင်အား မပစ်ပယ်နိုင်သော ဒီမိုကရေစီနိုင်ငံ

၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုကျော်မင်းယု(ခ)ကိုဂျင်မီ၊ ပြည်သူ့လွှတ်တော်အမတ်ဟောင်း ကိုဖြိုးဇေယျာသော်၊ ကိုလှမျိုးအောင်နှင့် ကိုအောင်သူရဇော်တို့အား အာဏာသိမ်းစစ်ကောင်စီက သေဒဏ်စီရင်မှုခဲ့မှု အပေါ် ကန့်ကွက်ဆန္ဒဖော်ထုတ်ရန် စီစဉ်ထားထားသည့် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ ဆန္ဒဖော်ထုတ်ပွဲကို ခွင့်ပြုမိန့်ပေးပြီးကာမှ အိန္ဒိယအစိုးရက ပြန်လည်ရုပ်သိမ်းသွားခဲ့သည်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်က မဏိပူရ်ပြည်နယ် ချူရချမ်ပူရ်ခရိုင် နယူးလန်ကားမြို့ Vaal ရပ်ကွက်တွင် ယက္ကန်းလုပ်ငန်းလုပ်ကိုင်ကြသော မြန်မာနိုင်ငံသား ၁၀ ဦးကို မဏိပူရ်ပြည်နယ်ရဲတပ်ဖွဲ့က ဖမ်းဆီးသွားခဲ့သည်။ ဇန်နဝါရီလ ၂၇ ရက်နေ့ကလည်း မိုးရေးမြို့နယ် လန်းချန်းကျေးရွာနှင့် နီးယူဆလ်ဘုန်းကျေးရွာတွင် ခိုလှုံနေကြသော မြန်မာစစ်ဘေးရှောင်အမျိုးသား ၈၀ ကျော်ကိုဖမ်းဆီးခဲ့သည်။

အိန္ဒိယဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရအကြား စစ်ကြောင့်နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရသော မြန်မာစစ်ဘေးရှောင်ပြည်သူများအတွက် လုံခြုံမှုနှင့် အကာအကွယ်ပေးမှုသည် မေးခွန်းထုတ်ဖွယ်ဖြစ်နေဆဲဟု ဆိုရမည်ဖြစ်ပြီး အိန္ဒိယဗဟိုအစိုးရနှင့် မြန်မာအာဏာသိမ်းစစ်ကောင်စီအကြား ထိတွေ့ဆက်ဆံမှုများသည်လည်း မကြာခနဆိုသလို ရုပ်လုံးပေါ်လာနေသည်ကို တွေ့ရသည်။

စနစ်တကျ စီစဉ်ထားသော ရာဇဝတ်မှု၊ ကိုရိုနာဗိုင်းရပ်စ်နှင့် မြန်မာနိုင်ငံရှိ အိန္ဒိယသူပုန်များ ကဲ့သို့ နယ်စပ်ကိစ္စရပ်များကြောင့် မြန်မာအာဏာသိမ်းစစ်စကောင်စီနှင့် ဆက်ဆံမှုကို ရှောင်လွှဲ၍မရနိုင်ကြောင်း အိန္ဒိယနိုင်ငံခြား ရေးဝန်ကြီး ဂျိုင်ရှန်ကာက ပြောဆိုထားပါသည်။ ကမ္ဘာ့လူဦးရေ ဒုတိယအများဆုံး ဒီမိုကရေစီနိုင်ငံဟု ဆိုနိုင်သော

အိန္ဒိယနိုင်ငံသည် မြန်မာစစ်အာဏာရှင်အား ဖယ်ကြဉ်ဖိအားပေးဆက်ဆံဖို့အတွက်မှု တွန့်ဆုတ်နေရဆဲ ဖြစ်ပါသည်။

အာဏာသိမ်းစစ်ကောင်စီ၏ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးစက်ရုံ(ကပစ)များ မှတဆင့် စစ်ကောင်စီတပ်များအတွက် စစ်လက်နက်များ ထုတ်လုပ်နိုင်ရန် အိန္ဒိယနိုင်ငံ Tonbo Imaging ကုမ္ပဏီက ပံ့ပိုးကူညီနေကြောင်း Justice for Myanmar က ဇန်နဝါရီလ ၁၉ ရက်တွင် ထုတ်ပြန်ထားပါသည်။

## သုံးသပ်တင်ပြချက်

မြန်မာနိုင်ငံ စစ်အာဏာသိမ်းကာလအတွင်း တရုတ်အစိုးရသည် အာဏာသိမ်း စစ်အုပ်စုနှင့်သာ ထိတွေ့ဆက်ဆံမှုများ သိသာထင်ရှားစွာ ပြုလုပ်ခဲ့ပြီး စစ်အာဏာ သိမ်းမှုဆန့်ကျင်သော နွေဦးတော်လှန်ရေးအင်အားစုများ အထူးသဖြင့် အမျိုးသားညီ ညွတ်ရေးအစိုးရ(NUG)၊ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) တို့ ကဲ့ သို့သော အင်အားစုများကို လုံးဝဖယ်ကြဉ်ထားဆဲ ဖြစ်ပါသည်။ ၎င်းတို့၏ ကိုယ်ကျိုးစီး ပွားအတွက် တွက်ချက်ဖွေရှာကာ လုပ်၍ရနိုင်သမျှသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အာဏာသိမ်းစစ်အုပ်စုနှင့် အပေါင်းအပါ စီးပွားရေးလုပ်ငန်းရှင်များကိုသာ ချဉ်းကပ် ဆက်ဆံလျက်ရှိပြီး စစ်အာဏာသိမ်းမှုအောက်မှ ရုန်းထနေကြသော မြန်မာပြည်သူ လူထု၏ ဟစ်ကြွေးတောင်းဆိုသံများကိုမူ တရုတ်အစိုးရက လစ်လျူရှုထားသည်ဟု ဆိုနိုင်ပါသည်။

အိမ်နီးချင်း ထိုင်းနိုင်ငံကမူ တရုတ်နှင့် အမေရိကန်အစိုးရတို့၏ ဖိအားချိန်ခွင်ချာ ကို ချိန်ညှိကာ ၎င်းတို့နိုင်ငံအတွင်း အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသော မြန် မာနိုင်ငံသားများအပေါ် ကိုင်တွယ်လျက်ရှိသည်ဟု ဆိုနိုင်ပါသည်။ နိုင်ငံတကာအစိုးရ များ၊ အဖွဲ့အစည်းများ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ထိုင်းအစိုးရကသာ စိတ်ရင်းစေတနာအမှန်ဖြင့် ချဉ်းကပ်စီမံဆောင်ရွက်ပါက ထိုင်းနိုင် ငံအတွင်းရှိ မြန်မာစစ်ဘေးရှောင်ပြည်သူများနှင့် ထွက်ပြေးတိမ်းရှောင်ရင်း တရားမဝင် ဝင်ရောက်လာခဲ့ရသူ မြန်မာနိုင်ငံသားများ အတွက် ယခုကဲ့သို့ ဒုက္ခပင်လယ်ဝေလိမ့် မည်မဟုတ်ပေ။

ဘင်္ဂလားဒေ့ရှ်အစိုးရသည် မြန်မာအာဏာသိမ်းစစ်ကောင်စီ၏ အကြမ်းဖက် လုပ်ရပ်များနှင့် လူ့အခွင့်အရေးချိုး ဖောက်မှုများကို အခါအခွင့်သင့်တိုင်း ရှုတ်ချပြစ် တင်လေ့ရှိသော်လည်း ၎င်းတို့နိုင်ငံအတွင်း ရောက်ရှိနေသော ရိုဟင်ဂျာဒုက္ခသည်များ အား မြန်မာနိုင်ငံအတွင်း ပြန်လည်ပေးပို့နိုင်ရေးသည်သာ ဦးစားပေးချဉ်းကပ်လျက်ရှိ ပြီး မြန်မာ့နွေဦးတော်လှန်ရေးအတွက်မူ စိတ်ပါဝင်စားမှုနည်းပါးသည်ဟု ရှုမြင်နိုင်ပါ သည်။ အလားတူ အိန္ဒိယအစိုး ရသည်လည်း မြန်မာ့နွေဦးတော်လှန်ရေးနှင့် စစ်အာဏာ သိမ်းမှုအောက်မှ ရုန်းထနေကြသော မြန်မာပြည်သူလူ ထု၏ အရေးအပေါ် တစုံတရာ စိတ်ပါဝင်စားသည်ကို မတွေ့ရဘဲ အိန္ဒိယနိုင်ငံ၏ နယ်စပ်လုံခြုံရေးကိစ္စနှင့် မြန်မာနိုင် ငံအတွင်းမှ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကိုသာ မျက်စိကျနေဆဲ ဖြစ်သည်။ တစ်

ဖက်တွင်လည်း မြန်မာအာဏာသိမ်းစစ်အုပ်စုအပေါ် ဩဇာညောင်းနိုင်ရေးအတွက် တရုတ်အစိုးရ၏ ခြေလှမ်းများကို အိန္ဒိယဗဟိုအစိုးရက အကဲခတ်ချဉ်းကပ်လျက်ရှိသည်ဟု ဆိုနိုင်ပါသည်။

ချုပ်၍ဆိုရသော် တရုတ်၊ ထိုင်း၊ လာအို၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယဟူသော မြန်မာနိုင်ငံ၏ နယ်မြေချင်းစပ်အိမ်နီးချင်းနိုင်ငံများသည် မြန်မာအာဏာသိမ်းစစ်အုပ်စုနှင့် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်နေကြသော နွေဦးတော်လှန်ရေးအင်အားစုများအကြား အနိုင်၊ အရှုံးကို တွက်ချက်ချဉ်းကပ်နေကြသည်ဟု သုံးသပ်ရပါသည်။ နွေဦးတော်လှန်ရေး၏ ဦးတည်ရာဖြစ်သော စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးဆောင်ရွက်ချက်များအပေါ် ၎င်းတို့အနေဖြင့် သံသယဝင်နေကြဆဲဟု ရှုမြင်မိပါသည်။

ထို့ကြောင့် နွေဦးတော်လှန်ရေးအင်အားစုများအနေဖြင့် အချင်းချင်းအကြား ညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှု ခိုင်မာကြောင်းကို ပိုမိုပြသကြရမည်ဖြစ်သည်။ စစ်ဘေးဒဏ်သင့် မြန်မာပြည်သူလူထုကြီးအတွက် နိုင်ငံတကာမှ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ရောက်ရှိရရှိရေးတွင် အိမ်နီးချင်းနိုင်ငံများ၏ အခန်းကဏ္ဍသည် ကြီးမားပေလိမ့်မည်။ အနိုင်၊ အရှုံး တွက်ချက်ကာ နိုင်မည့်မြင်းဘက်တွင် လောင်းကြေးထပ်ကြမည့် အိမ်နီးချင်းနိုင်ငံများကို နွေဦးတော်လှန်ရေးအင်အားစုများအနေဖြင့် အလေးထား ချဉ်းကပ်သင့်ပြီဖြစ်ကြောင်း တင်ပြအပ်ပါသည်။

“


အနိုင်၊ အရှုံးတွက်ချက်ကာ
နိုင်မည့်မြင်းဘက်တွင်
လောင်းကြေးထပ်ကြမည့်
အိမ်နီးချင်းနိုင်ငံများကို
နွေဦးတော်လှန်ရေး
အင်အားစုများအနေဖြင့်
အလေးထား
ချဉ်းကပ်သင့်ပြီ
ဖြစ်ကြောင်း ...

”

# အပိုင်း ၂


## တစ်ပတ်အတွင်း ဘာတွေဖြစ်ခဲ့သလဲ


BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ ဖေဖော်ဝါရီလ ၈ ရက် မှ ၁၄ ရက် အတွင်း အာဏာသိမ်းစစ်ကောင်စီတပ်နှင့် မြို့ပြ ဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF/LDF) များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း(ERO)များအကြား တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၃၅ ရက် ရှိခဲ့ပါသည်။ တိုင်းနှင့် ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ပါက ရှမ်းပြည်နယ်သည် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၈ ရက် အထိ ရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့ပါသည်။ မိမိတို့အနေဖြင့် တိုက်ပွဲဖြစ်ပွားမှု အခြေအနေများကို ကောက်ယူမှတ်တမ်းပြုရာတွင် မြို့နယ်အလိုက် ရက်ဖြင့်သာ မှတ်တမ်းတင်ထားသည့်အတွက် အကြိမ်ရေအားဖြင့်မူ ယခုထက်ပိုမို များပြားနိုင်ပါသည်။






**၃၅ ရက်**

တစ်ပတ်အတွင်း
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း




စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သား၊ အရပ်သားသေဆုံးမှု
ဖေဖော်ဝါရီ ၈ - ၁၄ - ၂၀၂၃
၁၀၅
စစ်ကောင်စီတပ်သားသေဆုံးမှု
၁၂
ပြည်သူ့ကာကွယ်ရေးတပ်သား သေဆုံးမှု
၃၀
အရပ်သားသေဆုံးမှု
ရှမ်း ၃၀ ၂
စစ်ကိုင်း ၂၁ ၉ ၁၀
ချင်း ၂၁ ၁ ၁
မကွေး ၁၂
ကချင် ၁၀ ၂
မွန် ၅ ၁
တနင်္သာရီ ၅ ၉
ပဲခူး ၁ ၆
ကရင် ၁
စစ်ကောင်စီတပ်သား
ပြည်သူ့ကာကွယ်ရေးတပ်သား
အရပ်သား


၃၀၇၅၀
စစ်ဘေးရှောင်အရေအတွက် (ဖေဖော်ဝါရီ ၈ - ၁၄ - ၂၀၂၃)
၁၅၀၀၀
၁၂၀၀၀
၃၆၀၀
၁၅၀
မကွေး
စစ်ကိုင်း
ကရင်
ရှမ်း






# စစ်ကိုင်းတိုင်း

စစ်ကောင်စီတပ်သည် ဖေဖော်ဝါရီ ၁၁ရက်တွင် ကောလင်းမြို့နယ် ဆိတ်တူကျေးရွာမှ ငပွေးလေးရွာဘက်သို့ လက်နက်ကြီးများဖြင့်ပစ်ခတ်သဖြင့် နေအိမ်တစ်လုံးပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ကာ အသက် ၃၀အရွယ်အမျိုးသမီးတစ်ဦးနှင့် ၎င်း၏ သမီးဖြစ်သူ အသက် တစ်နှစ်နဲ့ခြောက်လအရွယ် ကလေးငယ် တစ်ဦးတို့ ကျည်ဆံထိမှန်၍ ပွဲချင်းပြီးသေဆုံးခဲ့ပါသည်။ ဖေဖော်ဝါရီ ၁၃ရက် တွင်လည်း စစ်ကောင်စီတပ်ဖွဲ့၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ပြည်သူ့ကာကွယ်ရေးအဖွဲ့မှ အသက် ၂၅ နှစ်အရွယ်  ရဲဘော်တစ်ဦး လက်နက်ကြီးကျည်ထိမှန်သေဆုံးခဲ့ပြီး အခြားရဲဘော်နှစ်ဦးလည်း မစိုးရိမ်ရဒဏ်ရာများ ရရှိခဲ့ပါသည်။ စစ်ကောင်စီတပ်သည် ဆိတ်တူကျေးရွာ၊ တွင်ကြူတောကျေးရွာ၊ တာကျေးရွာတို့ကို ရွာစဉ်အလိုက် စစ်ကြောင်းထိုးဝင်ရောက်ပြီး နေအိမ်များကို မီးရှို့ခဲ့ပါသည်။


ဖေဖော်ဝါရီ ၁၀ရက်တွင် တကောင်းရပ်ကွက်က ရောဝတီတံတား (ရတနာပုံ) စစ်ကောင်စီ စစ်ဆေးရေးဂိတ်တွင် ရွှေဘို၊ မန္တလေး၊ မုံရွာ၊ ဇီးကုန်း တို့ကိုပြေးဆွဲနေသော  ရန်ကြီးအောင်မန်း ခရီးသည်တင်ယာဉ်လိုင်းကို မန္တလေးမြို့မှ မုံရွာမြို့သို့ ထွက်ခွာစဉ် စစ်ကောင်စီတပ်သားများမှ တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ ပြောက်ကျားအကျီ ၅၆ ထည်၊ ဘောင်းဘီ ၅၅ ထည်၊ PSF တံဆိပ်ပါ အကျီ အနက်ရောင် ၈၈ ထည်ကို စစ်ကောင်စီတပ်က တွေ့ရှိခဲ့ပြီး ယာဉ်မောင်းဖြစ်သူ ကိုဝေဖြိုးအောင်နှင့် ယာဉ်အကူ ကိုထွန်းထွန်းလွင်တို့ကို ဖမ်းဆီးခဲ့ပါသည်။

ယင်းမာပင်၊ ကန့်ဘလူ၊ ဆားလင်းကြီး၊ ကောလင်းနှင့် စစ်ကိုင်းမြို့နယ်များတွင်  စစ်ကောင်စီတပ်နှင့် ဒေသအလိုက် PDF တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၄ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၉ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် မုံရွာနှင့် ယင်းမာပင်မြို့နယ်များတွင် စစ်ကောင်စီတပ် ပစ်ခတ်တိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်သား ၇ ဦး ကျဆုံးခဲ့သည်။ ဖေဖော်ဝါရီလ ၁၃ ရက်နေ့က ကလေးမြို့ ၊ တောင်ဖီလာရပ်ကွက် အနီးတွင် အငြိမ်းစားဗိုလ်ကြီးတစ်ယောက်ကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ပစ်ခတ် ရှင်းလင်းခဲ့သည်။ စစ်ကောင်စီတပ်၏ လက်နက်ကြီးဖြင့် ပစ်ခတ်မှု၊ အကြောင်းမဲ့ သတ်ဖြတ်မှုများကြောင့် စစ်ကိုင်း၊ ကလေး၊ အင်းတော်နှင့် ကော်လင်းမြို့နယ်များမှ ဒေသခံ ၉ ဦး သေဆုံးခဲ့သည်။ ထို့အပြင် စစ်ကောင်စီတပ်က ပြည်သူ့နေအိမ်များကို မီးရှို့နေခြင်းကြောင့် ခင်ဦးနှင့် ကသာမြို့နယ်များမှ ဒေသခံ ၁၂၀၀၀ ကျော် ဘေးလွတ်ရာတိမ်းရှောင်နေရသည်။







# ကချင်ပြည်နယ်




ဖားကန့်မြို့နယ်၊ မော်ဆီစာကျေးရွာတွင် ကင်းပုန်းဝပ်နေသော စစ်ကောင်စီတပ်သားများမှ အရပ်သားအမျိုးသမီးတစ်ဦးကို အကြောင်းမဲ့ ပစ်သတ်ခဲ့ကြပါသည်။ ဖေဖော်ဂါရီ ၁၃ ရက် ည ၁၁ နာရီခန့်က ညဈေးတန်းမှ မော်စီစာရပ်ကွက်ရှိ နေအိမ်သို့ ဆိုင်ကယ်ဖြင့်ပြန်လာသည့် အမျိုးသမီး ၃ ဦးအား စစ်ကောင်စီတပ်သားများမှ သေနတ်ဖြင့်ပစ်ခတ်စဉ် အသက် ၂၀ အရွယ် မခန်းမိုင်ဆိုသူကို ထိမှန်ပြီးသေဆုံးခဲ့ပါသည်။

ဖေဖော်ဂါရီ ၁၂ ရက်တွင် မိုးညှင်းမြို့နယ်၊ နန်းမားအခြေစိုက် အမှတ်-၃၆၇ အမြောက်တပ်မှ တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်မှုကြောင့် အောင်မင်္ဂလာရပ်ကွက်မှ အရပ်သားတစ်ဦး ထိမှန်သေဆုံးခဲ့ပါသည်။ ဖေဖော်ဂါရီ ၁၃ ရက်တွင် သေဆုံးသူ၏ နေအိမ်၌ မိသားစုဝင်များမှ သက်ပျောက်ဆွမ်းကပ်ကာ တရားနာနေကြစဉ် စစ်ကောင်စီတပ်သားများရောက်လာပြီး သင်္ဂြိုဟ်ခွင့်မရှိဟုဆိုကာ အလောင်းကို လာသိမ်းခဲ့ကာ နာရေးအိမ်လာကူသူ အယောက် ၂၀ ခန့်ကိုလည်း ဖမ်းဆီးခေါ်ဆောင်ခဲ့ပါသည်။


မံစီနှင့် ဝိုင်းမော်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၀ ဦး ကျဆုံးခဲ့သည်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့က စစ်ကောင်စီတပ် လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်မှုကြောင့် မိုးညှင်းမြို့နယ်၊ နန်းမားမြို့မှ ဒေသခံအမျိုးသား ၁ ဦး သေဆုံးခဲ့သည်။ ထို့အပြင် ဖေဖော်ဝါရီလ ၁၃ ရက်နေ့က စစ်ကောင်စီတပ် ရမ်းသမ်းပစ်ခတ်မှုကြောင့် ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု၊ မော်ဆီစာကျေးရွာမှ ဒေသခံ အမျိုးသမီး ၁ ဦး သေဆုံးခဲ့သည်။




# မကွေးတိုင်း

ဂန့်ဂေါမြို့တွင် ဖေဖော်ဝါရီ ၁၄ ရက်က ခရီးသွားပြည်သူ ၂ ယောက်အား PDF ထောက်ပံ့သူများဟု စွပ်စွဲပြီး စစ်ကောင်စီတပ်က ဖမ်းဆီးခဲ့ပါသည်။ ဖြစ်စဉ်မှာ မန္တလေးမြို့ဘက်မှ ဂန့်ဂေါမြို့ဘက်သို့ မောင်းနှင်လာသည့် ကားတစီးကို စစ်ကောင်စီတပ်သားများမှ ဂန့်ဂေါမြို့အမှတ် ၁ ရပ်ကွက်ရှိ စစ်ဆေးရေးဂိတ်တွင် တားဆီးစစ်ဆေးစဉ် ကားပေါ်ပါလာသည့် ကိုကောင်းမင်းနိုင်နှင့် ကိုအောင်မျိုးထွန်းဆိုသူတို့အား ဖမ်းဆီးခဲ့ပြီး ဂန့်ဂေါမြို့မရဲစခန်း စစ်ကြောရေးသို့ ခေါ်ဆောင်သွားကြောင်း သိရပါသည်။


ပခုက္ကူမြို့နယ်မှ အိမ်ခြေ ၈၀ ကျော်ခန့်ရှိသည့် ရေကြို(စံပြ) ရွာကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက စစ်ကောင်စီတပ်သားများမှ ဝင်ရောက် မီးရှို့ဖျက်ဆီးခဲ့ခြင်းကြောင့် အိမ်ခြေ ၇၀ ကျော် မီးလောင်ပျက်စီးခဲ့ပြီး၊ ရေကြို(စံပြ)ရွာ အပါအဝင် အနီးနားရှိ သိမ်တော်၊ ညောင်နီပင်၊ ညောင်လှ၊ အိုင်ကြီး၊ ပေါက်တော၊ ကံကြီးစု၊ ဆင်လန်နှင့် မြို့ဆိုးအစရှိသည့်ရွာများမှ ဒေသခံ ၁၅၀၀၀ ခန့် ထွက်ပြေးတိမ်းရှောင်နေကြရပါသည်။ စစ်ကောင်စီတပ်မှ ရုတ်တရက် ဝင်ရောက်စစ်ကြောင်းထိုးခြင်းကြောင့် ဒေသခံများ ထွက်ပြေးတိမ်းရှောင်ရာတွင် မွေးကင်းစကလေးငယ်များနှင့် သက်ကြီးရွယ်အိုများကို ခက်ခက်ခဲခဲ ထမ်းပိုးထွက်ပြေးရပြီး၊ တောတောင်များထဲတွင် တိမ်းရှောင်နေကြရကာ စောင်၊ ခြင်ထောင်၊ အဝတ်အထည်၊ စားနက်ရိက္ခာ၊ ဆေးဝါးနှင့် ကျန်းမာရေး စောင့်ရှောက်မှုများ အရေးပေါ်လိုအပ်နေကြပါသည်။




ရေစကြို၊ မြိုင် နှင့် ပခုက္ကူမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၂ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ဖေဖော်ဝါရီလ ၁၂ ရက်နေ့က စစ်ကောင်စီတပ်မှ ပခုက္ကူမြို့နယ်၊ ရေကြို(စံပြ)ရွာကို မီးရှို့ဖျက်ဆီးခဲ့ခြင်းကြောင့် အိမ်ခြေ ၇၀ ကျော် မီးလောင်ပျက်စီးခဲ့ပြီး ဒေသခံ ၁၅၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။






တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း

၀ - ၀

၀ - ၁


# မန္တလေးတိုင်း

မန္တလေး၊ အိုးဘိုအကျဉ်းထောင်တွင် ဖေဖော်ဝါရီ ၁၁ ရက်က နိုင်ငံရေးအကျဉ်းသူ အယောက် ၇၀ ကျော် စစ်ကောင်စီတပ်လက်အောက်ခံ ထောင်ဝန်ထမ်းများမှ တုတ်၊ လေးခွများဖြင့် ရိုက်နှက်ခဲ့ပြီး အကျဉ်းသူ ၃၀ ကျော် တိုက်ပိတ်ခံထားရကြောင်း သိရပါသည်။ ဖြစ်စဉ်မှာ အကျဉ်းသူများမှာ ရေချိုးတောင်းရာတွင် ထောင်ဝန်ထမ်းများမှ မချေမငံပြောဆိုရာမှ စတင်ခဲ့ပြီး၊ ယခုကဲ့သို့ အကျဉ်းသူများ ရိုက်နှက်တိုက်ပိတ်ခံရခြင်းဖြစ်ပါသည်။

မဟာအောင်မြေမြို့နယ်တွင် ဆိုင်ကယ်စီးလာသည့် လူငယ်တစ်ဦးကို စစ်ကောင်စီတပ်က ကားဖြင့် ဖြတ်တိုက်ဖမ်းဆီးခဲ့ပြီး၊ နောက်တစ်ရက် (ဖေဖော်ဝါရီ ၈ ရက်) တွင် လူငယ် အယောက် ၃၀ ခန့်ကို ထပ်မံဖမ်းဆီးခဲ့ပါသည်။

ဖေဖော်ဝါရီ ၉ ရက်တွင် မတ္တရာမြို့နယ်၊ ရှင်လှ(မြောက်)ရွာနှင့် ပိုဝ(တောင်)ရွာအနီးတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့ ထိတွေ့ တိုက်ပွဲဖြစ်ပွားပြီးနောက် စစ်ကောင်စီတပ်က အဆိုပါကျေးရွာများမှ ဒေသခံ အယောက် ၄၀ ခန့်ကို လူသားဒိုင်းအဖြစ် ဖမ်းဆီးခဲ့ပါသည်။

ဖေဖော်ဝါရီလ ၉ ရက်နေ့က မတ္တရာမြို့နယ်၊ ပိုဝ (တောင်) ရွာအနီးမှာ စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။







# ကရင်ပြည်နယ်


ကော့ကရိတ်မြို့နယ်၊ ကျုံဒိုးကျေးနယ်ရှိ ကျောက်ဖျာကျေးရွာတွင် ဖေဖော်ဝါရီ ၈ ရက် ညက စစ်ကောင်စီတပ်မှ လက်နက်ကြီးပစ်ခတ်သဖြင့် အမျိုးသမီးတစ်ဦး ထိမှန်သေဆုံးခဲ့ပါသည်။ တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ကျုံဒိုးမြို့အခြေစိုက် စစ်ကောင်စီတပ်၏ ခလရ (၅၄၅) တပ်မှ လက်နက်ကြီး ရမ်းသမ်းပစ်ခတ်ခြင်းကြောင့် အသက် ၆၀ ဝန်းကျင် နော်တာမုနော်ဆိုသူ အပြစ်မဲ့ အရပ်သားတစ်ဦး သေဆုံးခဲ့ခြင်းဖြစ်ပါသည်။

ဖေဖော်ဝါရီ ၈ ရက်တွင် မြဝတီမြို့တောင်ဘက် လေးကေ့ကော်မြို့သစ်အနီး ထီးမယ်ဝါးခီး-ဖလူးကျေးရွာလမ်းအကြားရှိ ပြောင်းစိုက်ခင်း၌ခြုံရှင်းရန်သွားသည့် ဒေသခံများသည် မပေါက်ကွဲသေးသော လက်နက်ကြီးကျည်ကို မီးရှို့မိရာမှ ပေါက်ကွဲမှုဖြစ်ပွား၍ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြပါသည်။ ပေါက်ကွဲမှုအတွင်း ထိခိုက်ဒဏ်ရာရခဲ့သူများမှာ အသက် (၆၀) အရွယ် အမျိုးသားတစ်ဦးနှင့် အသက် (၅၀)အရွယ် အမျိုးသမီးတစ်ဦးတို့ဖြစ်ပြီး အမျိုးသမီးဖြစ်သူမှာ အသက်အန္တရာယ်စိုးရိမ်ရခြင်းကြောင့် ထိုင်းနိုင်ငံ၊ မဲဆောက်ဆေးရုံသို့ လွှဲပြောင်းပို့ဆောင်ခဲ့ရကြောင်းသိရပါသည်။




ဖေဖော်ဝါရီလ ၉ ရက်နေ့မှ ဖေဖော်ဝါရီလ ၁၄ ရက်နေ့အထိ စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်(KNLA)၊ ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ ဖေဖော်ဝါရီလ ၈ ရက်နေ့က စစ်ကောင်စီတပ် လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်မှုကြောင့် ကော့ကရိတ်မြို့နယ်၊ ကျောက်ဖျာကျေးရွာမှ အမျိုးသမီး ၁ ဦး သေဆုံးခဲ့သည်။ ထို့အပြင် ကော့ကရိတ်မြို့နယ် ဒေါနအရှေ့ဘက်ခြမ်းတွင် စစ်ကောင်စီတပ်က လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်း တိုက်ခိုက်မှုကြောင့် ထိုင်း - မြန်မာနယ်စပ်ရှိ ကျေးရွာပေါင်း ၁၃ ရွာမှ ဒေသခံပြည်သူ ၃၆၀၀ ကျော်သည် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။







# ပဲခူးတိုင်း


ညောင်လေးပင်မြို့၊ ညောင်လေးပင်ဘူတာ၊ အမှတ် ၁ စကြံ ပလက်ဖောင်းပေါ်တွင် ဖေဖော်ဝါရီ ၁၃ ရက်က ခရီးသည်များ ရထားစောင့်ဆိုင်းနေချိန်အတွင်း ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အမျိုးသမီး ၂ ဦးနှင့် အမျိုးသား တစ်ဦး သေဆုံးကာ၊ နောက်ထပ် ၉ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ပါသည်။ သေဆုံးသူများမှာ ကိုသက်နိုင်ထွန်း (၃၁ နှစ်)၊ မလှဲ့လှဲ့အေး (၃၆ နှစ်)၊ မနွဲ့နွဲ့ဝင်း (၄၂ နှစ်) တို့ဖြစ်ကြပြီး အဆိုပါဖြစ်စဉ်နှင့်ပတ်သက်ပြီး မည်သည့်အဖွဲ့က လုပ်ဆောင်ခဲ့သည်ကို မသိရှိရဘဲ အရပ်သားများထိခိုက်သေဆုံးခဲ့ခြင်း ဖြစ်ပါသည်။

ဖေဖော်ဂါရီ ၈ ရက်တွင် ကရင်အမျိုးသားအစည်းအရုံး( KNU )တပ်မဟာ (၃) နယ်မြေ၊ ကျောက်ကြီးမြို့နယ်၊ အုန်းပင်စုရွာအတွင်းသို့ စစ်ကောင်စီတပ်မှ လက်နက်ကြီးပစ်ခတ်သဖြင့် ဒေသခံ ၂ ဦး ထိမှန်သေဆုံးခဲ့ပြီး ၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ နေအိမ်များလည်းပျက်စီးခဲ့ပါသည်။ ဖေဖော်ဂါရီ ၉ ရက်တွင် စစ်ကောင်စီတပ်က စစ်ကြောင်းထိုးနေဆဲဖြစ်ပြီး၊ အုန်းပင်စုရွာ၊ ဘုန်းကြီးကျောင်းအတွင်းတပ်စွဲထားကြောင်းသိရပါသည်။

ဖေဖော်ဝါရီလ ၇ ရက်နေ့က စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)၊ ပြည်သူ့ကာကွယ် ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထို့အပြင် ဖေဖော်ဝါရီလ ၈ ရက်နေ့က ကျောက်ကြီးမြို့နယ်၊ အုန်းပင်စုရွာအတွင်းသို့ စစ်ကောင်စီတပ်မှ ပစ်ခတ်သော လက်နက်ကြီးကျည်ထိမှန်၍ ဒေသခံ ၂ ဦး သေဆုံးခဲ့သည်။ ဖေဖော်ဝါရီ ၁၀ ရက်နေ့က ပေါင်းတည်မြို့နယ်၊ သပြေကြီးစုရွာ အုပ်ချုပ်ရေးမှူးကို ပြည်သူ့ကာကွယ်ရေးတပ်မှ ပစ်ခတ်ရှင်းလင်းခဲ့သည်။ အလားတူ ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ကျောက်တံခါးမြို့နယ်၊ ကညင်ကျိုးကျေးရွာမှ ပျူစောထီးခေါင်းဆောင် ကျော်ဦးဆိုသူကို ကညင်ကျိုးရွာ လမ်းမပေါ်တွင် ပြည်သူ့ကာကွယ်ရေးတပ်မှ ပစ်ခတ်ရှင်းလင်းခဲ့သည်။ ဖေဖော်ဝါရီလ ၁၃ ရက်နေ့က ညောင်လေးပင်မြို့၊ မြို့မ ၃ ရပ်ကွက်၊ ညောင်လေးပင်ဘူတာ၊ အမှတ် ၁ စကြံ ပလက်ဖောင်းပေါ်မှာ ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး ပြည်သူ ၃ ဦး သေဆုံးခဲ့သည်။



၈ ရက်




တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း


- 0 - 0
- 1 - 3
- 4 - 6

# ရှမ်း(သျှမ်း)ပြည်နယ်

ဖယ်ခုံမြို့နယ်၊ ရီလုံရီကန်ကျေးရွာအုပ်စု၊ ဝါရီခူကျေးရွာရှိ ကက်သလစ် ခရစ်ယာန် မယ်တော်ဂူကုန်းကို ဖေဖော်ဝါရီ ၁၀ ရက် ည ၁၁ နာရီဝန်းကျင်က စစ်ကောင်စီတပ်မှ လေကြောင်းလိုင်းဖြင့် ပစ်ခတ်ခဲ့သဖြင့် အဆောက်အအုံအချို့ ပျက်စီးခဲ့ပါသည်။ စစ်ကောင်စီတပ်သည် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော တစ်ကမ္ဘာလုံးဆိုင်ရာ ခရစ်ယာန်ဘာသာ ကက်သလစ် ဆုတောင်းပြည့် လုဒ်မယ်တော်သခင်မပွဲတော်ကို ကျင်းပမည့် ရက်မတိုင်မီ တစ်ရက်တွင် ကက်လသစ်မယ်တော်ဂူကုန်းကို ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ခဲ့ကြောင်း ဒေသခံများကပြောပါသည်။

ဖေဖော်ဝါရီ ၁၀ ရက် နောင်ချိုမြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် တော်လှန်ရေး အင်အားစု PDF တပ်ဖွဲ့ နှင့် စစ်ကောင်စီတပ်တို့ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး၊ စစ်ကောင်စီတပ်က အပြစ်မဲ့ အရပ်သား ၇ ဦးအား ဖမ်းဆီးခဲ့ကာ တစ်ဦးကို သတ်ဖြတ်ခဲ့ကာ အသတ်ခံရသူ၏ အလောင်းအား ပြန်ပေးခြင်းမရှိခဲ့ကြောင်း သိရပါသည်။ တိုက်ပွဲအတွင်း စစ်ကောင်စီတပ်က တိုက်လေယာဉ် အသုံးပြုပြီးတိုက်ခိုက်ခဲ့ခြင်းကြောင့် လုံခန်ရွာဘုန်းကြီးကျောင်းနှင့် စေတီများလည်း ထိခိုက်ပျက်စီးခဲ့ရကာ ဒေသခံနေအိမ်များလည်း လက်နက်ကြီး ထိမှန်ပျက်စီးခဲ့ပါသည်။

နောင်ချို၊ ကွတ်ခိုင်နှင့် ဖယ်ခုံမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကချင်လွတ်မြောက်ရေး တပ်မတော်(KIA)၊ ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၃၀ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၂ ဦး ကျဆုံးခဲ့သည်။ အဆိုပါတိုက်ပွဲဖြစ်ပွားမှုကြောင့် နောင်ချိုမြို့မှ ကျေးရွာ ၄ ရွာနေ ပြည်သူ ၁၅၀ ကျော်သည် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။






# ကရင်နီ (ကယား) ပြည်နယ်

လွိုင်ကော်မြို့နယ်၊ လွိုင်လင်လေးမြို့တွင် ဖေဖော်ဝါရီ ၉ ရက်က စစ်ကောင်စီတပ်မှ ပစ်ခတ်သည့် လက်နက်ကြီး ကျရောက်ခဲ့ပြီး အမျိုးသမီးငယ်တစ်ဦး ဘယ်ဘက်လက်သန်း ပြတ်ထွက်ဒဏ်ရာနှင့် ကလေးငယ်တစ်ဦး ညာဘက်နားရွက် ထိခိုက်ဒဏ်ရာရရှိခဲ့ကြပါသည်။ လက်နက်ကြီးစ ထိမှန်ခဲ့သူများမှာ အသက် ၁၉ နှစ်အရွယ် မဘီဗျားနာနှင့် အသက် ၁၃ နှစ်အရွယ် မောင်လမင်းမောင်မောင်တို့ဖြစ်ပြီး လက်ရှိတွင် လွိုင်ကော်ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေကြရပါသည်။

အိမ်ခြေ ၂၀၀ နီးပါး ရှိသော ဒီးမော့ဆို အရှေ့ဘက်ခြမ်းမှ စစ်ရှောင်စခန်းတစ်ခုလုံးသည် ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၅ ရက်က ထပ်မံ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပြီး အမိုးအကာများ လိုအပ်လျက်ရှိနေပါသည်။ စစ်ကောင်စီတပ်၏ ထိုးစစ်ဆင်နေမှုကြောင့် ရုတ်တရက် ထွက်ပြေးတိမ်းရှောင်ခဲ့ရသော စစ်ရှောင်များမှာ ၎င်းတို့၏ အမိုးအကာနှင့် အိမ်မွေးတိရစ္ဆာန်များကို ဆုံးရှုံးခဲ့ကြရပါသည်။









# တနင်္သာရီတိုင်း

ပုလောမြို့နယ်၊ ပလောက်မြို့၊ ညောင်ရှင်ကုန်းကျေးရွာတွင် ဖေဖော်ဝါရီ ၁၁ ရက်၊ ညက စစ်ကောင်စီခန့် အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်၏ မိသားစုဝင်များဖြစ်သော ဇနီး၊ သမီးနှင့်မြေးများကို အမည်မသိ လက်နက်ကိုင်လူတစ်စုမှ လာရောက်သတ်ဖြတ်ခဲ့ပါသည်။ ဦးမြင့်အောင်၏ မိသားစုဂင်များဖြစ်သော အသက် (၆၂) နှစ်အရွယ် ဒေါ်ကြင်နွဲ့ (၆၂ နှစ်)၊ ဒေါ်သန်းသန်းမောင် (၄၂ နှစ်)၊ မောင်နေထက်သိမ်း (၁၇ နှစ်)၊ မောင်ဇေယျာအောင် (၁၆ နှစ်)၊ မောင်စိုးမင်းပိုင် (၁၃ နှစ်)၊ မမေဇင်ဖြူ (၉ နှစ်)နှင့် တစ်နှစ်သားအရွယ် မောင်သားသားတို့ အသတ်ခံခဲ့ရပါသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်ပြီး နယ်မြေခံ ပြည်သူ့ကာကွယ်ရေးတပ်မတော် မြိတ်ခရိုင်၊ အမှတ်(၁)တပ်ရင်း Palaw People’s Defense Force မှ ၎င်းတို့နှင့် သက်ဆိုင်မှုမရှိကြောင်း ထုတ်ပြန်ခဲ့ပါသည်။

ဖေဖော်ဂါရီ ၁၁ရက်တွင် ရေဖြူမြို့နယ်၊ ကံပေါက်ဒေသမှ ဒေသခံ အမျိုးသမီး ၅ ဦးအား စစ်ကောင်စီတပ်မှ ၎င်းတို့၏ နေအိမ်အသီးသီးသို့ ဂင်ရောက်ဖမ်းဆီးခဲ့ကြောင်း သိရပါသည်။ ဖမ်းဆီးခံရသည့်အမျိုးသမီးများမှာ လှည်းကုန်း(၁)ရပ်ကွက်မှ ဒေါ်မိသန်းကြွယ်နှင့် သမီးဖြစ်သူ မရွက်နဝေအပါဝင် ဒေါ်ချိုချိုအောင်၊ ဒေါ်မာဝေနှင့် ဒေါ်သန်းသန်းစိုးတို့ ဖြစ်ကြပါသည်။

ဖေဖော်ဝါရီလ ၁၀ ရက်နေ့က ပုလောမြို့နယ်၊ ထမင်းမစားရွာတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၅ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ဖေဖော်ဝါရီလ ၁၁ ရက်နေ့က ပုလောမြို့နယ်၊ ညောင်ရှင်ကုန်းရွာတွင် နေထိုင်သော စစ်ကောင်စီခန့် အုပ်ချုပ်ရေးမှူး မိသားစုဝင်(၇)ဦး အမည်မသိ လက်နက်ကိုင်အဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ ဖေဖော်ဝါရီလ ၁၃ ရက်နေ့က စစ်ကောင်စီတပ်၏ လက်နက်ကြီးဖြင့် ပစ်ခတ်မှု၊ အကြောင်းမဲ့ သတ်ဖြတ်မှုများကြောင့် ပုလောမြို့နယ်မှ ဒေသခံ ၂ ဦး သေဆုံးခဲ့သည်။







# မွန်ပြည်နယ်

သထုံမြို့နယ်အတွင်းရှိ စစ်ကောင်စီလက်အောက်ခံ ဝီယော်ရဲစခန်းကို ဖေဖော်ဝါရီ ၁၂ ရက် က ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်(KNLA) ပူးပေါင်းတပ်ဖွဲ့များမှ ပြောက်ကျားစနစ်ဖြင့် ဝင်ရောက်ပစ်ခတ်ခဲ့ပြီးနောက် စစ်ကောင်စီဘက်က အနီးနားရှိ မိချောင်းအိုင် ကျေးရွာအတွင်းသို့ လက်နက်ကြီးဖြင့် ပြန်လည်ပစ်ခတ်ခဲ့ရာ ရွာဘုန်းကြီးကျောင်းကို ထိမှန်ခဲ့ပြီး ဘုန်းကြီး ၂ ပါးနှင့် သာမဏေ(ကိုရင်) တစ်ပါးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

ဖေဖော်ဂါရီ ၁၀ ရက်တွင် ရေးမြို့နယ်၊ မော့ကနင်ကျေးရွာ စစ်ကောင်စီအမြှောက်တပ်မှ လက်နက်ကြီးဖြင့် ပစ်ခတ်သဖြင့် စုစည်းမြိုင်ရွာ (ရိုးဖို့ဂေဟ်) ဘုန်းကြီးကျောင်း အရှေ့ဘက်နှင့် အနောက်ဘက်ခြံဝန်းထဲတွင် ကျရောက်ပေါက်ကွဲခဲ့ကာ အသက် ၁၀ နှစ်အရွယ် ကိုရင်လေးတစ်ပါး လက်နက်ကြီးထိမှန် ပျံလွန်ခဲ့ပြီး အသက် ၆၀ ကျော် ဦးဇင်းတစ်ပါးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

သထုံနှင့် ကျိုက်ထိုမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ ကာကွယ်ရေးတပ်တို့ တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၅ ဦး ကျဆုံးခဲ့သည်။ ဖေဖော်ဝါရီလ ၁၀ ရက်နေ့က စစ်ကောင်စီတပ် လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်မှုကြောင့် ရေးမြို့နယ်၊ မော့ကနင်ကျေးရွာမှ ကိုရင်တစ်ပါး ပျံလွန်တော်မူခဲ့သည်။





# ဧရာဝတီတိုင်း

ပုသိမ်အကျဉ်းထောင်ဂန်ထမ်းများမှ နိုင်ငံရေးအကျဉ်းသားများနှင့် အခြားအကျဉ်းသားများ၏ မိသားစုဝင်များထံသို့ သွားရောက်ပြီး လိမ်လည်ငွေညှစ်တောင်းယူမှုများ လုပ်ဆောင်နေကြောင်း သိရပါသည်။ အဆိုပါ ဂန်ထမ်းများတွင် ထောင်မှူးအဆင့်မှ အောက်ခြေအမှုထမ်း ရဲဘော်အဆင့်အထိ ပါဝင်ပြီး ထောင်ကျ အကျဉ်းသားများကို အလုပ်ကြမ်း မလုပ်ရရေး၊ ထောင် မပြောင်းရွှေ့ရ ရေး၊ ကျန်းမာရေး၊ အစားအစာနှင့် နေရာထိုင်ခင်း အဆင်ပြေစေရေး စသည့် အကြောင်းပြချက် အမျိုးမျိုးဖြင့် ထောင်ညွှန်မှူး၊ ထောင်ပိုင်များအား ငွေပေးရမည်ဟုဆိုကာ လိမ်လည် ငွေညှစ်တောင်းယူနေကြခြင်းဖြစ်ပါသည်။

ဖေဖော်ဝါရီ ၁၃ ရက်တွင် အိမ်မဲမြို့နယ်မှ စစ်ကောင်စီတပ်ထံတွင် ဖမ်းဆီးခံထားရသော ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့ဝင် လူငယ်တစ်ဦးဖြစ်သူ စသိန်းဇော်မင်းကို ရုံးထုတ်စစ်ဆေးခဲ့ပြီး  အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ(၅၀)(၅၂)(က) တို့ဖြင့် တရားစွဲဆိုခဲ့ပါသည်။ စသိန်းဇော်မင်းအား အိမ်မဲမြို့မ တရားရုံးတွင် ရုံးထုတ်စစ်ဆေးစဉ် ရိုက်နှက်ခံထားရသည့် လက္ခဏာများတွေ့ရှိခဲ့ရကြောင်း၊ ၎င်းအား ပုသိမ်စစ်ကြောရေးတွင် စစ်ဆေးချိန်တွင်လည်း ရိုက်နှက်စစ်ဆေးမှုများရှိခဲ့ခြင်းကြောင့် ၎င်း၏ မျက်လုံး တစ်ဖက်တွင် နီနေပြီး အမြင်အာရုံထိခိုက်သွားကြောင်းနှင့် ခြေလက်များလည်းရိုက်နှက်ခံထားရသည့် ဒဏ်ရာများ ရှိနေကြောင်း သိရပါသည်။



# ရန်ကုန်တိုင်း

အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၊ မြောက်ဥက္ကလာပမှ အသက် ၁၈ နှစ်အရွယ် ဆယ်တန်းကျောင်းသား မောင်ဟိန်းထက်အား စစ်ခုံရုံးမှ ဖေဖော်ဝါရီ ၉ ရက်တွင် ထောင်ဒဏ် တစ်သက်ကျခံရန် အမိန့်ချမှတ်ခဲ့ပါသည်။ ၎င်းအား ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅ (က) ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၀ (ည) တို့နှင့် စွပ်စွဲအမိန့်ချခဲ့ခြင်းဖြစ်ပါသည်။ မောင်ဟိန်းထက်သည် မရမ်းကုန်းမြို့နယ်အတွင်း စည်းရုံးရေးလုပ်ဆောင်နေချိန်တွင် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်က ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ပါသည်။

အကျဉ်းဦးစီးဌာနတာဝန်ရှိသူများမှ အင်းစိန်အကျဉ်းထောင်တွင်း အခြေအနေကို စစ်ဆေးချိန်တွင် ထောင်တွင်းအဆင်မပြေမှုများကို အကျဉ်းသူများကိုယ်စား တင်ပြခဲ့သော နိုင်ငံရေးအကျဉ်းသူ ဒေါ်ဝါဝါဝင်းနှင့် မနိဘယ်လ်နီနီထွေးတို့အား နှစ်ပတ်ကြာ တိုက်ပိတ်ထားခဲ့ကြောင်းသိရပါသည်။

ဒေါ်ဝါဝါဝင်းသည် အင်းစိန်ထောင်တွင်း တရားရုံးမှ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅(ခ)နှင့် ထောင်ဒဏ် ၂ နှစ်၊ အရှေ့ပိုင်း ခရိုင်တရားရုံးမှ အကြမ်းဖက်ဥပဒေနှင့် ထောင်ဒဏ် ၅ နှစ် ချမှတ်ခံထားရသူဖြစ်ပြီး မြောက်ဥက္ကလာပမြို့နယ်တရားရုံးတွင် ပြည်သူပိုင်ပစ္စည်းဖျက်ဆီးမှုဖြင့် ပုဒ်မ - ၆၁ နှင့် ထပ်မံတရားစွဲခံထားရသူဖြစ်ပါသည်။ မနိဘယ်လ်နီနီထွေးသည်လည်း ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅ (ခ) အပြင် အခြားအမှုများနှင့် အင်းစိန်ထောင်တွင် ထောင်ဒဏ်ကျခံနေရသည့် နိုင်ငံရေးအကျဉ်းသူတစ်ဦးဖြစ်ပါသည်။




# ရခိုင်ပြည်နယ်

ဖေဖော်ဝါရီ ၁၄ ရက်တွင် တောင်ကုတ်မြို့နယ် ရဲတပ်ဖွဲ့မှ ရဲအုပ်ဝင်းခိုင်ဆိုသူအား စစ်ကောင်စီတပ်မှ ဖမ်းဆီးခဲ့ကြောင်းသိရပါသည်။ ဖမ်းဆီးခံရသည့် ရဲအုပ်ဝင်းခိုင်မှာ တောင်ကုတ်- ရန်ကုန်ကားလမ်းမပေါ်ရှိ တောင်ပေါ်ကြီး စစ်ဆေးရေးဂိတ်တွင် စခန်းမှူးအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး ၎င်းအား တောင်ကုတ်အခြေစိုက် စကခ တပ်မ (၅) ဌာနချုပ်သို့ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရပါသည်။

ဖေဖော်ဝါရီ ၈ ရက်တွင် စစ်ကောင်စီတပ်မှ လက်နက်များ ယူဆောင်ပြီး ထွက်ပြေးလာသူ စစ်သားနှစ်ဦးသည် မြေပုံမြို့နယ်၊ ထူးချေကျေးရွာမှ ငါးဖမ်းသမားနှစ်ဦးကို သေနတ်ဖြင့် ပစ်ခတ်ရာမှ တစ်ဦး၏ ပေါင်ကို ထိမှန်ပြီးရေထဲပြုတ်ကျကာ ပျောက်ဆုံးနေပြီး နောက်တစ်ဦးကို ရေထဲသို့ ကန်ချခဲ့ရသော်လည်း လွတ်မြောက်ခဲ့ကြောင်းသိရပါသည်။

စစ်ကောင်စီတပ် စခန်းချနေထိုင်နေသည့် ကျောက်တော်မြို့နယ်၊ တင်းမကျေးရွာထဲမှ မီးမလောင်ဘဲ ကျန်ရှိနေသော နေအိမ်များကို စစ်ကောင်စီတပ်သားများနှင့် ၎င်းတို့မိသားစုအဖွဲ့ဝင်များမှ ဖြိုဖျက်ကာ သစ်၊သွပ်နှင့် အသုံးအဆောင်ပစ္စည်းကို ကားများဖြင့် ပြောင်းရွှေ့ယူဆောင်နေကြောင်း သိရပါသည်။


# ချင်းပြည်နယ်




မင်းတပ်မြို့တွင် စစ်ကောင်စီတပ်သားများ၏ သေနတ်ရမ်းသမ်းပစ်ခတ်မှုကြောင့် အသက် ၁၇ နှစ်ရွယ် ကလေးငယ်တစ်ဦး သေဆုံးခဲ့ပါသည်။ ဖေဖော်ဂါရီ ၈ ရက်က မင်းတပ်မြို့ အရှေ့ပြင်ရပ်ကွက် မြို့ဝင်ဂိတ်အနီးတွင် စစ်ကောင်စီတပ်နှင့် ချင်းပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ - မင်းတပ် (CDF-Mindat)တို့ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး ရဲတပ်သား ၂ ဦးသေဆုံးကာ ၂ ဦး ဒဏ်ရာ ပြင်းထန်စွာရရှိခဲ့ပြီးနောက် စစ်ကောင်စီတပ်က တိုက်ပွဲနှင့် မသက်ဆိုင်သော အရပ်သားများနေထိုင်ရာသို့ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ပြင် အထိနာသော စစ်ကောင်စီတပ်သည် ပြည်သူပိုင်နေအိမ်များကိုလည်း မီးရှို့ဖျက်ဆီးခဲ့ကြပါသည်။

ဖေဖော်ဂါရီ ၁၇ ရက်တွင် ပလက်ဝမြို့ပေါ်ရှိ စစ်ဘေးရှောင်စခန်းများကို ဖျက်သိမ်းရန်စီစဉ်နေသော စစ်ကောင်စီတပ်မှ ထိုအစီအစဉ်နှင့် ပတ်သက်ပြီး အချက် ၄ ချက်ပါ စာတစ်စောင်ကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဌာနမှ စစ်ဘေးရှောင်စခန်းများသို့ ပေးပို့အကြောင်းကြားခဲ့ပါသည်။ အဆိုပါ စာထဲတွင် မူလနေထိုင်သည့်နေရာသို့ ပြန်လိုသည့်အိမ်ထောင်စုများ၊ မိမိစရိတ်ဖြင့်ဝယ်ယူထားသော မြေနေရာဒေသသို့ ပြောင်းရွှေ့နေထိုင်လိုသောအိမ်ထောင်စုများ၊ အစိုးရစရိတ်ဖြင့် နေထိုင်လိုသော အိမ်ထောင်စုနှင့် စခန်းအတွင်းနေထိုင်လိုသောအိမ်ထောင်စုများနှင့်ပတ်သက်ပြီး အချက်အလက်များကို တောင်းခံထားကြောင်း သိရပါသည်။

မင်းတပ်၊ ထန်တလန်၊ ပလက်ဝ နှင့် မတူပီမြို့နယ်များတွင် စစ်ကောင်စီတပ်ဖွဲ့နှင့် ချင်းဒေသကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၂၁ ဦး ကျဆုံး၍ ချင်းဒေသကာကွယ်ရေးတပ်မှ ၁ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ဖေဖော်ဝါရီလ ၈ ရက်နေ့က မင်းတပ်မြို့တွင် စစ်ကောင်စီတပ်သားများ၏ သေနတ်ရမ်းသမ်းပစ်ခတ်မှုကြောင့် အသက် ၁၇ နှစ် အရွယ် ကလေးငယ် ၁ ဦး သေဆုံးခဲ့သည်။



# နိုင်ငံတကာစာမျက်နှာ




မြန်မာ့ပြဿနာများသည် အခြားအာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံအတွက် ထိခိုက်မှုရှိနေမည်ဆိုပါက မြန်မာနိုင်ငံကို အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ်မှ ဖဲ့ထုတ်လိုက်သင့်ပြီဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် အန်ဝါအီဗရာဟင်မ်က ပထမဆုံးအကြိမ်အဖြစ် ထိုင်းနိုင်ငံသို့ နိုင်ငံတော်ဧည့်သည်အဖြစ် ရောက်ရှိနေစဉ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြောကြားခဲ့ပါသည်။ မြန်မာစစ်အာဏာရှင်များအနေဖြင့် နိုင်ငံသားများအပေါ် ရက်စက်စွာ နှိပ်စက်အနိုင်ကျင့်နေခြင်းများကို ရပ်တန့်ဖို့လိုအပ်ကြောင်းနှင့် မိမိနိုင်ငံသားများကို ခွဲခြားနှိမ့်ချပြီး အနိုင်ကျင့် ခြိမ်းခြောက်ခြင်းများသည် လက်ရှိအချိန်တွင် မည်သည့်နိုင်ငံတွင်မဆို ရှိမနေသင့်တော့ကြောင်းနှင့် မိမိနိုင်ငံသားများအပေါ် ပြန်ပြီးအကြမ်းဖက်ကျူးလွန်နေမှုသည် အလွန်ဆိုးရွားကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့ပါသည်။

သို့သော် မစ္စတာအန်ဝါ၏ မြန်မာကို အာဆီယံမှ ဖဲ့ထုတ်လိုက်သင့်ပြီဆိုခြင်းမှာ မည်သည့်သဘောမျိုးဖြစ်သည်ကို လေ့လာသူများအနေဖြင့် အတိအကျမသိနိုင်သော်လည်း မြန်မာနိုင်ငံအတွင်း စစ်ကောင်စီတပ်က နိုင်ငံရေးအကျဉ်းသားအားလုံးကို ပြန်လွှတ်ပေးပြီး အရပ်သားအစိုးရကို ပြန်လည် အာဏာအပ်နှင်းခြင်းမရှိခဲ့ပါက မြန်မာနိုင်ငံကို အာဆီယံအဖွဲ့ဝင်အဖြစ်မှ ရပ်စဲရန် တောင်းဆိုခဲ့သည့် ၂၀၂၁ ခုနှစ် မတ်လ အဆိုပြုချက်တွင်လည်း အခြားအာဆီယံအဖွဲ့ဝင် ၅ နိုင်ငံနှင့်အတူ မလေးရှားဝန်ကြီးချုပ်က ပါဝင်ထောက်ခံ လက်မှတ်ရေးထိုးခဲ့ဖူးပါသည်။ လက်ရှိတွင် အာဆီယံသည် ၎င်း၏ ထိပ်သီးအစည်းအဝေးများတွင် မြန်မာ့စစ်ခေါင်းဆောင်၏ နိုင်ငံကိုယ်စားပြုအဆင့်များကို တက်ရောက်ခွင့်မပြုခဲ့ဘဲ၊ အာဆီယံဘုံသဘောတူညီမှု ၅ ချက်ကို အကောင်အထည်ဖော်ရန် တိုက်တွန်းနှိုးဆော်မှုများ ပြုလုပ်နေပါသည်။

ထိုင်းနိုင်ငံအနေဖြင့် စစ်အာဏာသိမ်းမှုနှင့်အတူ နိုင်ငံရေးမတည်ငြိမ်မှုများနှင့် ရင်ဆိုင်နေရသော မြန်မာ့အကျပ်အတည်းကို ဖြေရှင်းရေးတွင် ပိုမိုကြီးမားသည့် အခန်းကဏ္ဍက ပါဝင်ပေးရန် မစ္စတာအန်ဝါ၏ ထိုင်းနိုင်ငံခရီးစဉ်အတွင်း တိုက်တွန်းပြောကြားခဲ့ပါသည်။ သို့သော် ထိုင်းအစိုးရသည် မြန်မာစစ်အုပ်စုနှင့် ပုံမှန်ဆက်ဆံရေးကို ထိန်းသိမ်းထားခဲ့ပြီး မြန်မာနိုင်ငံ၏ စစ်အာဏာသိမ်းကာလအတွင်း ဖြစ်ပေါ်နေသော နိုင်ငံတွင်းမငြိမ်မသက်ဖြစ်နေမှုများနှင့် ရက်စက်ကြမ်းကြုတ်မှုများ ကြုံတွေ့နေရခြင်းကို ကာကွယ်ပြောဆိုနေခြင်းကြောင့် နိုင်ငံတကာ၏ ဝေဖန်မှုများနှင့် ရင်ဆိုင်နေရပါသည်။

ရှေ့မတိုးနိုင်ဖြစ်နေသည့် မြန်မာ့အရေး ဖြေရှင်းရန်အတွက် အင်ဒိုနီးရှားနိုင်ငံက ထိပ်တန်းစစ်ဗိုလ်ချုပ်ကြီးဟောင်းတစ်ဦးကို မြန်မာနိုင်ငံသို့ စေလွှတ်သွားမည်ဟု လက်ရှိအာဆီယံအလှည့်ကျ ဥက္ကဋ္ဌ အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက ပြောဆိုထားသည့်အပေါ် အလုပ်ဖြစ်မည်မဟုတ်ကြောင်း မြန်မာ့အရေး လေ့လာသူများက ထောက်ပြပြောဆိုထားကြပါသည်။

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ယခုကဲ့သို့ စစ်ဗိုလ်ချုပ်ဟောင်းတစ်ဦးကို စေလွှတ်ရန် စီစဉ်ခြင်းသည် မြန်မာစစ်တပ်အနေဖြင့် အင်ဒိုနီးရှားစစ်တပ်ကဲ့သို့ နိုင်ငံရေးမှ စနစ်တကျဆုတ်ခွာသွားရန်အတွက် နားချချင်သည့် သဘောဖြစ်နိုင်ကြောင်း လေ့လာသူများက သုံးသပ်ခဲ့ကြပါသည်။

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်အထူးသံတမန်ဖြစ်သူ နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ဆာဆာကာဝါက မြန်မာနိုင်ငံအတွင်း လက်ရှိအခြေအနေအတိုင်းဆက်သွားနေမည်ဆိုပါက စစ်အုပ်ချုပ်ရေး ပိုမိုကြာနေဦးမည်ဖြစ်ကြောင်းနှင့် အဝေးမှ အပြစ်တင်နေရုံဖြင့် ပြဿနာကို ဖြေရှင်းနိုင်မည်မဟုတ်ကြောင်း ထောက်ပြထားပြီး အာဆီယံအနေဖြင့် ပဋိပက္ခများ အဆုံးသတ် ဖြေရှင်းနိုင်သည်အထိ မြန်မာနိုင်ငံအတွင်း အာဆီယံ ရုံးခန်းဖွင့်ထားသင့်ကြောင်းလည်း ဖေဖော်ဝါရီ ၁၃ ရက်က ဂျပန်သတင်းဌာနတစ်ခုနှင့်အင်တာဗျူးတွင် အကြံပြုပြောဆိုခဲ့ပါသည်။

တရုတ်နိုင်ငံသည် မြန်မာ့အကြမ်းဖက်စစ်ကောင်စီတပ်ကို ခေတ်မီ တိုက်လေယာဉ်များ ကူညီပေးလျက်ရှိနေပါသည်။ ကိုယ်ကျိုးစီးပွားနှင့်ပတ်သက်လာလျှင် တရုတ်ကွန်မြူနစ်ပါတီဝင်များအတွက် လူ့အခွင့်အရေးသည် အရေးမပါကြောင်း ယင်းလုပ်ရပ်များက ကမ္ဘာကို ရှင်းရှင်းလင်းလင်း ပြသနေပြီး အားကိုးရာမဲ့နေသော မြန်မာအရပ်သား ပြည်သူများအား စစ်ကောင်စီက ပုံးကြဲတိုက်ခိုက်ရာတွင် အထောက်အကူဖြစ်ပေးနေပါသည်။ ထို့ပြင် လေယာဉ်မောင်းနှင်ပျံသန်းခြင်းနှင့် လေယာဉ်တွင် တပ်ဆင်ထားသည့် လက်နက်စနစ်များကို ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ လေ့ကျင့်မှုများပြုလုပ်ရန် မြန်မာစစ်ကောင်စီလေတပ်မှ လေယာဉ်မှူး ၈ ဦးခန့်၊ နည်းပညာရှင် ၈ ဦးနှင့် လက်နက်ပိုင်းဆိုင်ရာ အရာရှိ ၂ ဦးထက်မနည်းပါဝင်သည့် အဖွဲ့တစ်ဖွဲ့သည်လည်း ၂၀၂၂ ခုနှစ်၊ ဇွန်လက ကူမင်းမြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ သွားရောက်ခဲ့ကြောင်း သိရပါသည်။

တိုက်လေယာဉ်များ ပေးပို့ခြင်းနှင့်ပတ်သက်သည့် သတင်းများကို လျှို့ဝှက်ထားသော်လည်း ပထမဆုံးအသုတ်အဖြစ် Mountain Eagles ဟုခေါ်သည့် နောက်ဆုံးမျိုးဆက်တိုက်လေယာဉ် ၆ စင်းကို ပို့ဆောင်ပေးခဲ့ကြောင်း ပြည်တွင်းနှင့် နိုင်ငံတကာ မီဒီယာများကို ကိုးကား၍ လေကြောင်းကဏ္ဍဆိုင်ရာ သတင်းများကိုဖော်ပြနေသည့် ဝက်ဘ်ဆိုက်

မဂ္ဂဇင်းဖြစ်သော Aero Time က ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖော်ပြခဲ့ဖူးပါသည်။ မြန်မာစစ်ကောင်စီတပ်ထံ စစ်လက်နက်ကိရိယာများ ထုတ်လုပ်ရန် ကုန်ကြမ်းများအပါအဝင် ကုန်ပစ္စည်း အမြောက်အမြား တင်ပို့ရာတွင် စင်ကာပူနိုင်ငံသည် အရေးပါသည့် တဆင့်ခံနေရာဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီမှ ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာ၏ ဖော်ပြထားချက်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံသို့ လက်နက်များမရောင်းချသည်မှာ အချိန်ကာလကြာမြင့်လှပြီဖြစ်ကာ လက်နက်ရောင်းချခြင်းကိုလည်း တားမြစ်ကန့်သတ်ထားကြောင်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဗီဗီယန်ဘာလာခရစ်ရှ်နန်က ဖေဖော်ဝါရီလ ၁၄ ရက်၊ စင်ကာပူလွှတ်တော်တွင် ပြောခဲ့ပါသည်။

အမေရိကန်ပြည်ထောင်စု၊ မြို့တော်ဝါရှင်တန်ဒီစီ၊ ၁၅ လမ်းတွင် ဖေဖော်ဝါရီ ၁၃ ရက် ညနေပိုင်းက အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နိုင်ငံခြားရေးဌာနရုံးကို အခမ်းအနားနှင့် တရားဝင် စတင်ဖွင့်လှစ်ရာ၊ အမေရိကန်အစိုးရ၏ ကိုယ်စားလှယ်အဖြစ် လက်ထောက် နိုင်ငံခြားရေးဝန်ကြီးက တက်ရောက်ဖွင့်လှစ်ပေးခဲ့ပါသည်။ NUG ရုံးခန်းဖွင့်ပွဲကို တက်ရောက်ခဲ့သည့် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စအဇရာဇီယာက မြန်မာစစ်အုပ်စု၏ လုပ်ရပ်များကို လက်မခံနိုင်ကြောင်းနှင့် NUG ၏ မိတ်ဖက်အဖြစ် ဆက်လက်ရပ်တည်သွားမည်ဖြစ်ကြောင်း ပြောဆိုခဲ့ပါသည်။ အမေရိကန်အစိုးရအနေဖြင့် NUG အနေဖြင့် တရားဂင်ဆက်ဆံမှုပြုလုပ်လာသည်ကို တွေ့ရှိရလာပြီး၊ အမေရိကန်အစိုးရ၊ လွှတ်တော်တို့နှင့် ခိုင်မာဆက်ဆံရေးကောင်းများ တည်ဆောက်နိုင်ရန် ကောင်းမွန်သော အလားအလာများရှိလာကြောင်း NUG ဦးဆောင်သူများက သုံးသပ်ခဲ့ကြပါသည်။ ထို့ပြင် NUG ရုံးခန်းများကို ချက်၊ တောင်ကိုရီးယား၊ ဂျပန်၊ နော်ဝေ၊ ပြင်သစ်၊ ဩစတြေးလျနှင့် ယူကေတို့တွင်လည်း ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း သိရပါသည်။

“ NUG ရုံးခန်းဖွင့်ပွဲကို တက်ရောက်ခဲ့သည့် လက်ထောက်နိုင်ငံခြားရေး ဝန်ကြီး မစ္စအဇရာဇီယာက မြန်မာစစ်အုပ်စု၏ လုပ်ရပ်များကို လက်မခံနိုင်ကြောင်းနှင့် NUG ၏ မိတ်ဖက်အဖြစ် ဆက်လက်ရပ်တည်သွားမည် ဖြစ်ကြောင်း ... ”

မှတ်ချက်။ ။

တစ်ပတ်အတွင်းဘာတွေဖြစ်ခဲ့သလဲ
ကဏ္ဍအတွင်း အကိုးအကား
သတင်းအရင်းအမြစ်များကို
Burma News International - BNI ၏
အဖွဲ့ဝင်သတင်းဌာန (၁၅) ဖွဲ့အပြင်
အခြားသော ပြည်တွင်းပြည်ပ
သတင်းဌာနများမှ
ကောက်ယူစုစည်းဖော်ပြခြင်း
ဖြစ်ပါသည်။

Weekly News Review